# ကျန်းမာရေး စောင့်ရှောက်မှု၌ အချက်အလက်များကို သိရှိပြီးမှပေးသည့် သဘောတူညီချက်

Burmese

## ကျန်းမာရေး စောင့်ရှောက်မှု၌ အချက်အလက်များကို သိရှိပြီးမှပေးသည့် သဘောတူညီချက် ဆိုသည်မှာ ဘာလဲ။

ကျန်းမာရေး ဝန်ဆောင်မှုများသည် သင့်တွင် နာမကျန်းမှု သို့မဟုတ် ကျန်းမာရေး ပြဿနာ တစ်ခုခုရှိသည့်အခါ သင့်အား ကူညီပေးပါလိမ့်မည်။ တစ်ခါတစ်ရံ၌ သင်သည် ကျန်းမာရေး စစ်ဆေးမှုများ သို့မဟုတ် ကုသမှု လိုအပ်ပါသည်။ ကျန်းမာရေးဝန်ထမ်းသည် သင် စစ်ဆေးမှုများလုပ်ရန် သို့မဟုတ် ကုသမှုခံယူရန် သဘောတူညီချက် ပေးမည် မပေးမည်ကို မေးမြန်းရမည်။ အချက်အလက်များကို သိရှိပြီးမှပေးသည့် အချက်အလက်ဆိုသည်မှာ သင့် နာမကျန်းမှု သို့မဟုတ် ကျန်းမာရေး ပြဿနာကို သင် ရှင်းရှင်းလင်းလင်း နားလည်ပြီး သင့် ကျန်းမာရေးဝန်ထမ်းက လုပ်မည့်ကိစ္စကို သင် သဘောတူခြင်းကိုဆိုလိုပါသည်။

သင်သည် သင့် ကျန်းမာရေး စောင့်ရှောက်မှု ရွေးချယ်ရမည့်နည်းလမ်းများ အားလုံး အကြောင်းကို သင် သဘောတူညီချက်မပေးမီ နားလည်ရလိမ့်မည်။ သင့်အနေဖြင့် ကုသမှုကို ခံယူရန် ရွေးချယ်နိုင်သည် သို့မဟုတ် မရွေးချယ်ပဲ နေနိုင်သည်။

## မည်သည့်အချက်အလက်များကို ကျွန်ုပ် လိုအပ်ပါသလဲ။

သင့် ကျန်းမာရေး ဝန်ထမ်းသည် သင့် စစ်ဆေးမှု သို့မဟုတ် ကုသမှုနှင့်ပတ်သက်သည့် သင် ဆုံးဖြတ်ချက်ချက်ချရာ၌ အထောက်အကူပြုစေရန် အကြောင်းအချက်အလက်များကို သင့်အား ပေးပါလိမ့်မည်။

သင်သည် သင့် ကျန်းမာရေး ဝန်ထမ်းအား အောက်ပါကဲ့သို့ မေးခွန်းများကိုလည်း မေးနိုင်ပါသည်-

- ကျွန်ုပ်၏ နာမကျန်းမှု သို့မဟုတ် ကျန်းမာရေး ပြဿနာမှာ ဘာလဲ။
- စစ်ဆေးမှု သို့မဟုတ် ကုသမှုမှာ ဘာလဲ။
- စစ်ဆေးမှု သို့မဟုတ် ကုသမှုသည် ကျွန်ုပ်အား မည်ကဲ့သို့ အထောက်အကူပြုမည်နည်း။
- စစ်ဆေးမှု သို့မဟုတ် ကုသမှုသည် ပြဿနာ တစ်စုံတစ်ရာကို ဖြစ်ပွားစေနိုင်ပါသလား။
- ပြဿနာများသည် မည်မျှ ပြင်းထန်နိုင်ပါသလဲ။
- အခြား စစ်ဆေးမှုများ သို့မဟုတ် ကုသမှုများ ရှိပါသလား။
- စစ်ဆေးမှုများ လုပ်ပြီးနောက် သို့မဟုတ် ကုသမှု ခံယူပြီးနောက် ဘာဖြစ်မည်နည်း။
- ကျွန်ုပ် ပိုမိုကောင်းမွန်လာမည်လား။
- ပိုမိုကောင်းမွန်လာရန် အချိန်မည်မျှ ကြာမည်နည်း။
- အကယ်၍ ကျွန်ုပ် ကုသမှုကို မခံယူလျှင် ဘာဖြစ်ကောင်း ဖြစ်နိုင်ပါသလဲ။

အကယ်၍ သင် တစ်စုံတစ်ခုကို နားမလည်လျှင် သင့် ကျန်းမာရေး ဝန်ထမ်းကို ပြောပြပါ။

## ကျွန်ုပ် မည်သည့်အတွက်ကြောင့် သဘောတူညီချက်ကို ပေးရပါသလဲ။

သြစတြေးလျနိုင်ငံတွင် သင့်အား စစ်ဆေးမှု သို့မဟုတ် ကုသမှု မလုပ်ပေးမီ သင့် ကျန်းမာရေး ဝန်ထမ်းတွင် သင့် သဘောတူညီချက် ရှိရမည်ဟု ဥပဒေပြဋ္ဌာန်းထားပါသည်။

## ကျွန်ုပ် အဘယ်ကြောင့် သဘောတူညီချက်ပုံစံတွင် လက်မှတ်ထိုးရန် လိုအပ်ပါသလဲ။

သင့်အား ခွဲစိတ်ကုသမှုကဲ့သို့ အန္တရာယ်ကြီးမားသည့် ကုသမှုများ အတွက် စာဖြင့်ရေးသားထားသည့် သဘောတူညီချက်ပုံစံ တစ်ခုကို လက်မှတ်ထိုးခိုင်းမည်ဖြစ်သည်။ အခြားအချိန်များ၌ သင်သည် သင် သဘောတူကြောင်း သင့် ကျန်းမာရေး ဝန်ထမ်းအား နှုတ်ဖြင့်ပြောရန်သာ လိုပါသည်။ သင့် စစ်ဆေးမှုများနှင့် ကုသမှုများတွင် ပါဝင်ပတ်သက်သော ကျန်းမာရေး ဝန်ထမ်းများကသာ သင့် သဘောတူညီချက် ပုံစံကို ဖတ်ပါလိမ့်မည်။သင့် ကျန်းမာရေးစောင့်ရှောက်မှုတွင် မပါဝင်သော မည်သူနှင့်မျှ သင့်သဘောတူညီချက်ပုံစံကို ဝေမျှဖလှယ်မည် မဟုတ်ပါ။

## မည်သူက သဘောတူညီချက်ကို ပေးနိုင်ပါသလဲ။

အကယ်၍ သင်သည်သင့် ကုသမှုနည်းလမ်းများကို နားလည်နိုင်ပြီး သင့် ကျန်းမာရေး ဝန်ထမ်းအား သင် ဘာလိုကြောင်းကို ပြောနိုင်လျှင်၊ ယင်းနောက် ဆုံးဖြတ်ရမည့်သူမှာ သင်ဖြစ်ရမည်။ သင်သည် မိတ်ဆွေများ၊ မိသားစု သို့မဟုတ် လူမှုအသိုင်းအဝိုင်းဝင်လူတို့ကို သင့် ရက်ချိန်းများသို့ ခေါ်လာနိုင်ပြီး အကြံဉာဏ်အတွက် သူတို့အား မေးမြန်းနိုင်သည်။ တစ်ခါတစ်ရံ၌ သင့် ကျန်းမာရေး ဝန်ထမ်း၊ မိသားစုဝင်တစ်ဦး သို့မဟုတ် မိတ်ဆွေတစ်ဦးသည် အရေးပေါ်ကိစ္စ၌ သင့်အတွက် ဆုံးဖြတ်ချက်များကို ချပေးနိုင်သည်။

## ကလေးတစ်ယောက် အတွက် မည်သူက သဘောတူညီချက်ပေးနိုင်ပါသလဲ။

သာမန်အားဖြင့်၊ မိဘ၊ အုပ်ထိန်းသူ သို့မဟုတ် စောင့်ရှောက်သူ တစ်ဦးသည် အသက် 18 နှစ်အောက် ကလေးတစ်ယောက် အတွက် သဘောတူညီချက်ပေးလေ့ရှိပါသည်။ အကယ်၍ သင့်ကလေးသည် သူတို့၏ ကုသမှုနှင့် သူတို့၏ ကျန်းမာရေးအပေါ် ရှိနိုင်သည့် အကျိုးသက်ရောက်မှုကို ပြည့်ပြည့်စုံစုံ နားလည်နိုင်လျှင် သူတို့ကိုယ်တိုင် သဘောတူညီချက်ပေးနိုင်သည်။ ကျန်းမာရေး ဝန်ထမ်းသည် ကလေးတဦးမှာ သူတို့ကိုယ်တိုင် သဘောတူညီချက်ပေးနိုင်စွမ်း မပေးနိုင်စွမ်းကို စိစစ်ပါလိမ့်မည်။

## ကျွန်ုပ် မည်မျှလောက် သိရှိရန် လိုအပ်ပါသလဲ။

ကျန်းမာရေး ဝန်ထမ်းသည် သင် လိုချင်သလောက် အချက်အလက် များနိုင်သမျှများအောင် သင့်အား ပေးပါလိမ့်မည်။ သူတို့သည် သင့် မေးခွန်းများအားလုံးကို ဖြေဆိုပေးရန် ကြိုးစားပါလိမ့်မည်။ အကယ်၍ သင်သည် သင့် စစ်ဆေးမှုများ သို့မဟုတ် ကုသမှု အကြောင်း တစ်ခုခုကို မသိရှိလိုလျှင် သင့် ကျန်းမာရေး ဝန်ထမ်းအား ပြောပါ။

## ဆုံးဖြတ်ရန် အချိန် မည်မျှ ကျွန်ုပ်၌ ရှိပါသလဲ။

အရေးပေါ်ကိစ္စများတွင် ဆုံးဖြတ်ချက်များကို အလျင်အမြန် ချမှတ်ရပါသည်။ အကယ်၍ အရေးပေါ်ကိစ္စတစ်ခု မဟုတ်လျှင်၊ သင်သည် ဆုံးဖြတ်ရန် အချိန် ပိုမို၍ယူနိုင်ပါသည်။ အကယ်၍ သင်သည် သင့် စစ်ဆေးမှုများ သို့မဟုတ် ကုသမှု အကြောင်း မသေချာသေးလျှင် သင် ဆုံးဖြတ်ချက်ချရန်အတွက် အထောက်အကူပြုစေရန် အခြား ကျန်းမာရေး ဝန်ထမ်းတစ်ဦးနှင့် သင် ပြောဆိုနိုင်ပါသည်။

## ကျွန်ုပ် စကားပြန် တစ်ဦးကို လိုအပ်ပါသလား။

ကျန်းမာရေး စစ်ဆေးမှုများ သို့မဟုတ် ကုသမှုများကို နားလည်ရန် ခက်ခဲနိုင်ပါသည်။ အကောင်းဆုံးသော ဆုံးဖြတ်ချက် ချမှတ်နိုင်ရန်အလို့ငှါ၊ သင်နှင့်သင့် ကျန်းမာရေး ဝန်ထမ်းသည် တစ်ဦးကိုတစ်ဦး နားလည်ရန် အရေးကြီးပါသည်။ အကယ်၍ အင်္ဂလိပ်ဘာသာစကားမှာ သင့် ပထမ ဘာသာစကား မဟုတ်လျှင်၊ ကျွမ်းကျင်သော စကားပြန်တစ်ဦး သင့် ရက်ချိန်းကို တက်ရောက်ပေးနိုင်ပါသည်။ မျက်နှာချင်းဆိုင် အလုပ်လုပ်ပေးမည့်စကားပြန်များ သို့မဟုတ် တယ်လီဖုန်းဖြင့်လုပ်ပေးမည့် စကားပြန်များမှာ အခမဲ့ဖြစ်ပါသည်။ သင် သို့မဟုတ် သင့် ကျန်းမာရေး ဝန်ထမ်းသည် သင့် ကျန်းမာရေး စောင့်ရှောက်မှု အကြောင်း သင် ပြောဆိုချိန်၌ သင်နှင့်အတူ ရှိနေစေရန် စကားပြန်တစ်ဦးကို တောင်းဆိုနိုင်ပါသည်။ သင့် စကားပြန်အား သင်ပြောပြသည့် အချက်အလက်များကို လျှို့ဝှက်ထားပေးပါလိမ့်မည်။

## အကယ်၍ ကျွန်ုပ် သဘောတူညီချက်ပေးပြီးနောက် ကျွန်ုပ် စိတ်ကူးပြောင်းသွားလျှင် ဘာဖြစ်မည်နည်း။

သင် သဘောတူညီချက်ပုံစံတွင် လက်မှတ်ထိုးပြီးသည့်တိုင်အောင် သို့မဟုတ် စစ်ဆေးမှုများ သို့မဟုတ် ကုသမှုကို သင် သဘောတူကြောင်း သင့် ကျန်းမာရေး ဝန်ထမ်းအား ပြောပြီးသည့်တိုင်အောင် သင် သင့်စိတ်ကူးကို အမြဲတမ်း ပြောင်းလဲနိုင်ပါသည်။

## သတိထားပါ

### ◊ မေးခွန်းများ မေးပါ

သင့် ကျန်းမာရေး ဝန်ထမ်းက သင့်အား ပြောဆိုခဲ့သည့်အရာတိုင်းကို သင် နားလည်ရန် အရေးကြီးပါသည်။ သင်သည် သင်မေးမြန်းလိုသည့် မေးခွန်း ကြိုက်သလောက် မေးမြန်းနိုင်သည်။ သင်သည် တစ်စုံတစ်ဦးအား သင် အထောက်အပံ့ရရေးအတွက် သင်နှင့်အတူ ခေါ်လာနိုင်သည်။

### ◊ စကားပြန်တစ်ဦးကို တောင်းဆိုပါ

ကျွမ်းကျင်သော စကားပြန်များမှာ အခမဲ့ ဖြစ်ပါသည်။ သူတို့သည် သင်နှင့်သင့် ကျန်းမာရေး ဝန်ထမ်းအကြား တစ်ဦးကိုတစ်ဦး နားလည်စေရန် လွယ်ကူအောင် လုပ်ပေးကြပါသည်။

### ◊ ၎င်းမှာ သင် ရွေးချယ်ရမည့်ကိစ္စဖြစ်သည်။

အကယ်၍ သင် သဘောတူညီချက်ပေးခဲ့ပြီးသည့်တိုင်အောင် သင် အချိန်မရွေး သင့်စိတ်ကူးကို ပြောင်းလဲနိုင်သည်။

Partnering with Consumers - This patient information brochure
supports National Safety and Quality Health Service Standard 2 (2.4.1)
Consumers and/or carers provided feedback on this patient information.

This document has been reproduced with the permission of Metro South Hospital and Health Service.

Burmese informed consent
Effective: 10/2016